# တနင်္ဂနွေစကားဝိုင်း
# Radio Free Asia (RFA)
# June 10, 2007
# (Our ENC Leaders and RFA’s Win Naing Oo)

10 June 2007 တနင်္ဂနွေအထူးစကားဝိုင်းအတွက် ဖိတ်ခေါ်ထားသူများကတော့ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ တွဲဖက်အတွင်းရေးမှူး စောဒေးဗစ်ထောနှင့် တိုင်းရင်းသားလူမျိုးများကောင်စီ၏ အကြံပေးပုဂ္ဂိုလ်နှင့် ဥရောပ–မြန်မာရုံး တာဝန်ခံ စဝ်ဟန်ယောင်ဝေတို့ဖြစ်ပါသည်။ အခုလောလောဆယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအနာဂတ် အလားအလာတွေ နှင့် ပတ်သက်၍ရော၊ တိုင်းရင်းသားတွေရဲ့ အနေအထားတွေနှင့်ပတ်သက်၍ပါ အမေရိကန်နိုင်ငံသို့လာရောက်ပြီး အမေရိကန်နိုင်ငံရဲ့ အထက်လွှတ်တော်၊ အောက်လွှတ်တော် နှင့် အခြားတာဝန်ရှိသော ပုဂ္ဂိုလ်များနှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံရဲ့အခြေအနေ၊ အနေအထား စသည်ဖြင့် လာရောက်ကာ ရှင်းလင်းပြောဆိုသောကာလဖြစ်သည်။

**ဝင်းနိုင်ဦး ။** ။ ပြီးခဲ့သည့် အင်္ဂါနေ့၊ ဇွန်လ (၅) ရက်နေ့တုန်းက အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကနေပြီးတော့ လာမည့်ဇူလိုင်လမှာ အမျိုးသားညီလာခံကို ပြန်လည်စတင်မယ်လို့ ပြောတယ်။ ဒီညီလာခံက နောက်ဆုံးညီလာခံဖြစ်လိမ့်မယ်လို့ပြောတယ်။ သူပြောသွားတဲ့အထဲမှာ (၂) ချက်ကို ကျနော်တို့ သတိထားမိတယ်။ (၁) ဒီညီလာခံက နောက်ဆုံးညီလာခံဆိုတဲ့ အချက်ဖြစ်တယ်၊ (၂) ဒီညီလာခံမှာ အရင်တုန်းက မဆွေးနွေးရသေးတဲ့ အခန်းတွေကိုဆွေးနွေးသွားမယ်၊ အရင်တုန်းက သဘောတူဆွေးနွေးထားတဲ့ အချက်အလက်တွေကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အမှားအယွင်းမရှိရအောင် ပြင်ဆင်တာတွေရှိမယ်၊ ပယ်ဖျက်တာတွေရှိမယ်၊ ဖြည့်စွက်တာတွေရှိမယ်လို့ပြောသွားတယ်။ ပထမတခုကတော့ အချိန်ပြဿနာပေါ့လေ၊ အမျိုးသားညီလာခံက ၁၉၉၃ ခုနှစ်ကစတင်ပြီးတော့ ၂၀၀၇ မှာရှိပြီ ဆိုတော့ ၁၄ နှစ်ကြာပြီ၊ အများက ဘယ်လိုမြင်ကြသလဲဆိုရင် ဒါဟာ အချိန်ဆွဲတာလို့မြင်ကြတယ်။ အခုဆိုလို့ရှိရင် အထဲက နိုင်ငံရေးသမားကြီးတွေ တချို့က ဘာပြောသလဲဆိုတော့– ဒီညီလာခံဟာ ဘယ်တော့မှ ပြီးမယ့်ညီလာခံမဟုတ်ဘူး၊ ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း ဘယ်တော့မှပြီးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ မဟုတ်ဘူးလို့ ပြောကြတယ်။ အဲဒီလိုပြောကြတဲ့အချိန်မှာပဲ အခုအခါမှာတော့ ဒီတချိန်ကတော့ နောက်ဆုံး အချိန်ပါပဲလို့ သူတို့ကပြောတယ်။ အဆုံးသတ်တော့မယ်လို့ပြောတယ်။ အရင်တုန်းက ယူဆထားတာတွေနဲ့လွဲပြီးတော့ အခုအချိန်မှာ ဘယ်လိုအကြောင်းရင်းတွေကြောင့် နောက်ဆုံးလို့ပြောလာရတာလဲ။ တချို့ကလည်း ဘယ်လိုထင်သလဲဆိုရင် တရုတ်ရဲ့ဖိအားကြောင့်၊ မြန်မြန်လုပ်စေချင်တာကြောင့်လို့ပြောတယ်၊ ဒါခိုင်လုံတာတော့ မဟုတ်ဘူး။ အဲဒီလိုဖိအားပေးမှုတွေကြောင့်လား?၊ ဒါမှမဟုတ် နိုင်ငံရေး အခြေအနေတွေကြောင့်လား?။ ဒါမှမဟုတ်လည်း ငါတို့ကအသာစီးရနေပြီ။ ငါတို့တော့မြန်မြန်သွားလို့လည်း ရနေပြီဆိုတဲ့ သဘောထား ဝင်သွားလို့လား?။ ဆရာဆလိုင်းလျန်မှုန်း စပြီးဆွေးနွေးပါလားခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ အခုလိုမျိုး ကျနော်တို့ တိုင်းရင်းသားလူမျိုးများကောင်စီကို Radio Free Asia (RFA) က စတူဒီယိုမှာ ဖိတ်ခေါ်ပြီးတော့ ကျနော်တို့ရဲ့ အမြင်တွေ၊ သဘောထားတွေကို ရှင်းလင်းတင်ပြခွင့်ရတဲ့ အတွက် ကျေးဇူးတင်ကြောင်း ကျနော်ပမာဏပြောကြားလိုပါတယ်။ နအဖစစ်အစိုးရမှ ခေါ်ယူကျင်းပတဲ့ အမျိုးသားညီလာခံဟာ သူတို့ရဲ့ ခေါ်ယူပုံခေါ်ယူနည်း၊ ကျင်းပပုံကျင်းပနည်းနဲ့ပတ်သက်လို့သော်လည်းကောင်း၊ အဲဒီ အမျိုးသားညီလာခံကိုခေါ်ယူပြီး ညီလာခံတက်ရောက်တဲ့ ကိုယ်စားလှယ်တွေ ရွေးချယ်ပုံနဲ့ပတ်သက်၍လည်းကောင်း၊ ၂၀၀၄ ခုနှစ် မေလ (၁၄) ရက်နေ့မှာ ပြည်တွင်းမှာရှိတဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရဲ့ တင်ပြချက်ကို ကျနော်တို့က အပြည့်အဝထောက်ခံတဲ့ အကြောင်း ကျနော်တို့တိုင်းရင်းသားလူမျိုးများကောင်စီ အနေနဲ့ ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီအတိုင်းသာ လုပ်ခဲ့မယ်ဆိုရင် အမျိုးသားညီလာခံဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ နိုင်ငံရေး ပါတီတွေလည်း ပါမယ်၊ ပြီးတော့ တိုင်းရင်းသားတွေ တန်းတူညီတူရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်နေတဲ့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေ အားလုံးလည်း ပါမယ်၊ ပြည်သူလူထုကလည်း မိမိကိုယ်စားလှယ်ကို လွတ်လပ်စွာ ရွေးချယ်ပြီးတော့ ညီလာခံကိုလုပ်မယ်ဆိုလို့ရှိရင် ကျနော်တိုင်းပြည်ပြဿနာကိုဖြေရှင်းတဲ့နေရာမှာ အကောင်းဆုံး

နည်းလမ်းကို ရလိမ့်မယ်လို့ မျှော်လင့်ခဲ့မိတယ်၊ အပစ်အခတ်ရပ်အဖွဲ့တွေရဲ့ တင်ပြချက်ကို နအဖစစ်အစိုးရကနေ မလက်ခံဘူး၊ အခုထက်ထိမလက်ခံဘူး၊ စောစောကမေးတဲ့အတိုင်း တရုတ်ဖိအားလား၊ နိုင်ငံရေး အခြေအနေကြောင့်လား၊ ငါတို့အသာစီးရလို့ကြိုက်တာလုပ်လို့ရပြီ စသည်အားဖြင့် မေးခွန်းတွေကတော့ အများကြီးရှိနေပါတယ်။ အဖက်ဖက်ကနေတော့ ဖိအားတွေရှိတယ်လို့ ကျနော်တို့ကနေတော့သုံးသပ်ထားပါတယ်။ ပြည်သူလူထုရဲ့ မကျေနပ်မှုကလည်း ပြင်းထန်လာပါတယ်။ လူမှုရေး၊ စီးပွားရေး အကျပ်အတည်းတွေကလည်း အများကြီးရှိလာပါတယ်။ ပြီးတော့ နိုင်ငံတကာဖိအား၊ ပြီးခဲ့တဲ့ သက္ကရာဇ် (၂၀၀၇) ဇန်နဝါရီလ (၁၂) ရက်နေ့မှာ ပြည်ထောင်စု မြန်မာနိုင်ငံအရေးကို ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးခဲ့တယ်။ အဲဒီမှာ ရုရှားနဲ့တရုတ်က ဗီတိုနဲ့ပယ်ချတယ်။ သို့သော် ဗီတိုနဲ့ပယ်ချပေမယ့် အဲဒီနိုင်ငံနှစ်နိုင်ငံ စလုံးက ဘာကို ဝန်ခံသလဲဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အကျပ်အတည်းအများကြီး ရှိတယ်။ အဲဒီပြဿနာဖြေရှင်းဖို့လိုအပ်တယ်ဆိုတာ သူတို့ဝန်ခံတယ်။ အဲဒီအဖက်ဖက်ရဲ့ ဖိအားတွေကြောင့် ဖြစ်နိုင်တယ်လို့ ကျနော်တို့သုံးသပ်မိပါတယ်။

**စဝ်ဟန်ယောင်ဝေ**။ ။ သူတို့ကလည်း ဒီထက်အချိန်ဆွဲနေရင် ယုတ္တိမရှိတော့ဘူးဆိုတာ ရှင်းပါတယ်။ နိုင်ငံတကာကလည်း သူတို့ကို မြန်မြန်လုပ်စေချင်တယ်။ ပြီးအောင်လုပ်စေချင်တယ်။ ဒီဟာကလည်း ကောင်းပါတယ်။ ဘာကြောင့်လည်းဆိုရင် ဒီလိုမျိုးပဲ အချိန်ဆွဲနေရင် ဘယ်သူ့ကိုမှ အကျိုးမဖြစ်ဘူး။ နအဖအတွက်လည်း အကျိုးမရှိဘူး၊လူထုအတွက်လည်းအကျိုးမဖြစ်ဘူး။ ကျနော်တို့လိုလားတဲ့အချက်တွေကလည်းဖြစ်လာမှာမဟုတ်ဘူး။ နောက်ပြီးတော့ ဒီဟာက ပြီးသွားပြီးတဲ့နောက် လူထုဆန္ဒခံယူပွဲ ဖြစ်မယ်ဆိုတာတော့ မဟုတ်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ အမျိုးသားညီလာခံက အချက်အလက်တွေစုစည်းတာဘဲဖြစ်သေးတယ်။ ဆိုတော့ အခြေခံဥပဒေကို ဆွဲရဦးမယ်လို့ ကျနော်တို့မြင်ပါတယ်။

**စောဒေးဗစ်ထော**။ ။ စောစောက ဦးဟန်ပြောသွားတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျနော်ထောက်ခံချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆွဲလာတဲ့နှစ်ပေါင်းကလည်း (၁၄) နှစ်ကြာခဲ့ပြီ၊ ဒီလိုအနေအထားမျိုးမှာ သူတို့အနေနဲ့ တခုခုတော့ပြရမယ်ဆိုတဲ့ အနေအထားမျိုးမှာ– ပြစရာဆိုရင် ဒီအမျိုးသားညီလာခံ တခုပဲရှိတယ်။ ဒီအမျိုးသားညီလာခံက နိုင်ငံတကာဖိအား၊ ပြည်တွင်း တောင်းဆိုမှုတွေကို တနည်းတဖုံလျှော့နည်းအောင် လုပ်ပြမယ့် အနေအထားရောက်နေပါတယ်။ လုပ်မယ်ဆိုရင် ဒီညီလာခံက ပြီးဖို့ကြာပါပြီ။ သုံးသပ်သူတွေပြောခဲ့သလိုပဲ အချိန် ဆွဲတာပါဆိုတော့လည်း အခုကမကောင်းတော့ဘူးပေါ့လေ၊ ဆက်ဆွဲလို့လည်း မသင့်တော်တော့ဘူးဆိုပြီး အပြီးသတ်မယ်။ ဒါပေမယ့် ဒီအပြီးသတ်မှုကတော့ ညီလာခံသာလျှင်ဖြစ်မယ်။ သို့ပေမယ့် ဒီညီလာခံက ထွက်လာတဲ့ရလာဒ်ကို ဥပဒေသမားလက်ထဲကနေ အချောကိုင်ပြီးမှသာလျှင် လူထုဆန္ဒခံယူပွဲကို ကောက်ယူရမှာဖြစ်တယ်။ လူထုဆန္ဒခံယူပွဲကို မကောက်ခင်ကာလမှာ ဒီဟာကကော ဘယ်လောက်ကြာဦးမှာလဲ၊ ဒီဟာက စဉ်းစားစရာဖြစ်တယ်။ ဒီဟာက နောက်တဆင့်ကို အချိန်ဆွဲဖို့အတွက် အကြောင်းကလေးများ၊ လမ်းကလေးများခင်းထားသလားဆိုတာ ကျနော နည်းနည်းလေးတော့ သံသယဖြစ်မိတယ်။

**ဝင်းနိုင်ဦး**။ ။ နောက်တချက်က အရင်ချမှတ်ထားတဲ့မူတွေကို အခုနောက်ဆုံး ညီလာခံမှာ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်သွားမယ်လို့ပြောတယ်။ အရင်ညီလာခံတွေတုန်းကလည်း အဓိကအားဖြင့် သဘောကွဲတဲ့အချက်တွေ၊ အတိုက်အခံဖြစ်နိုင်တဲ့ကိစ္စတွေကို တခြားညီလာခံကိုယ်စားလှယ်တွေနဲ့ မတူဘဲနဲ့ ပွင့်ပွင့်လင်းလင်းပြောရဲဆိုရဲတာကတော့ အပစ်အခတ်ရပ်စဲရေးအဖွဲ့ပဲရှိတယ်၊ သူတို့သည်ပင်လျှင် အခြေအနေလေးကို ကြည့်ပြီးပြောရတာဖြစ်တယ်။ ချိန်ဆပြောရတာဖြစ်တယ်။ အရင်တုန်းကလည်း သူတို့က သဘောကွဲနေတဲ့အချက်တွေကိုတင်တယ်။ တင်တော့လည်း လက်မခံဘူး။ အခုကြတော့လည်း နောက်ဆုံးညီလာခံမှာ အရင်တုန်းကဟာတွေကို ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်သွားမယ်ဆိုတော့ မျှော်လင့်ချက်ရှိသလိုလို၊ လမ်းကရှိသလိုလို ဖြစ်နေပြန်ရော၊ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျနော်တို့ဆီက အင်တာဗျူးတခုမှာ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်သွားမယ်ဆိုတာကို ဝါရင့်နိုင်ငံရေးသမားကြီး သခင်ချန်ထွန်းပြောသွားတဲ့စကားရှိတယ်။ အဲဒါလေးကို ကျနော်ဖွင့်ပြပါရစေနော်။ သခင်ချန်ထွန်း "မန္တလေးအဲန်အယ်ဒီက ဒေါ်ဝင်းမြမြတို့ဆိုရင်လည်း သူတို့ဆိုင်ကိုသိမ်းတာ အခုရက်ပိုင်းပဲ၊ ---------- ဒါက အသေးအဖွဲလို့ပေါ်ခေါ်ခေါ်၊ အကြီးကြီးပဲခေါ်ခေါ်၊ ဒီလိုဟာမျိုးကို လုပ်နေတဲ့ဟာက ဆွေးနွေးမယ်ဆိုတော့ သိပ်ပြီးတော့ စဉ်းစားရခက်တဲ့ကိစ္စလို့ပဲ ကျနော်မြင်ပါတယ်"။ ဒါကတော့ သခင်ချန်ထွန်းပြောခဲ့တာပေါ့လေ၊ အရင်တုန်းက သဘောကွဲခဲ့တာတွေကိုလည်း

တင်ခဲ့တယ်၊ ပြင်ဆင်ဖြည့်စွက်မယ်ဆိုတဲ့ကိစ္စ၊ လမ်းဖွင့်ပေးသလိုလို လုပ်တဲ့ကိစ္စကို သခင်ချန်ထွန်းကတော့ သိပ်ပြီးတော့ ဖြစ်နိုင်မယ်လို့ မထင်ဘူးပေါ့လေ၊ ဆရာဆလိုင်းလျန်မှုန်းကကော ဘယ်လိုသဘောရသလဲ? ခင်ဗျ။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ကျနော်တို့ တိုင်းရင်းသားတွေ တော်လှန်ရေး လုပ်တာ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက်လုပ်တာ၊ ဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်နေတာဟာ နှစ်ပေါင်း (၅၀) ကျော်ရှိနေပြီ။ ဒီလိုအခွင့်အရေး ရတဲ့အချိန်မှာ သူတို့အနေနဲ့ ပေးတာမပေးတာ တပိုင်းထား၊ ကျနော်တို့လိုချင်တာကို ဒီအမျိုးသား ညီလာခံ ဆိုတဲ့စင်မြင့်ကို အသုံးချပြီးတော့မှ ပြည်သူလူထုကိုတင်ပြသင့်တယ်။ သမိုင်းမှာ တွင်ကျန်ရစ်အောင် ကျနော်တို့ လိုချင်တာကို တကယ်တင်ပြသင့်တယ်။ အဲဒီအတွက်ကြောင့် ဒီအပစ်အခတ်ရပ်စဲရေးအဖွဲ့တွေကို ကျနော်အားပေးချင်တာက ဒါဟာ နောက်ဆုံးတပွဲပဲဖြစ်တယ်။ ဒီနောက်ဆုံးတပွဲမှာ ရဲရဲရင့်ရင့်နဲ့ လုပ်သင့်လုပ်ထိုက်တာကို သူတို့ခံစားတဲ့အတိုင်း တင်ပြဆွေးနွေးသင့်တယ်။ နအဖက လက်ခံရင်ကောင်းတယ်။ နအဖက လက်မခံရင်တောင် ပြည်သူလူထု နားလည်အောင်၊ သမိုင်းမှာတွင်ကျန်ရစ်အောင် ကျနော်တို့ ဘာအတွက်ကြောင့် လက်နက်ကိုင်တော်လှန်ရေး လုပ်သလဲ၊ ကျနော်တို့ ဘာအတွက်ကြောင့် ဒီအရေးတော်ပုံကြီးဆောင်ရွက်နေသလဲဆိုတာ သမိုင်းမှာတွင်ကျန်ရစ်မယ့်အလုပ်မျိုး ဒီအချိန်မှာ လုပ်သင့်တယ်။

**စောဒေးဗစ်ထော။** ။ ဒီလိုမျိုး ပြင်ဆင်မယ်၊ ဖြည့်စွက်မယ်ဆိုတော့ အဓိကက ဘယ်ဟာကို ပြင်ဆင်မယ်၊ ဖြည့်စွက်မယ်ဆိုတာကိုလည်း ကျနော်တို့က မသိသေးဘူး။ စောစောက ဆလိုင်းလျန်မှုန်းပြောခဲ့သလိုပဲ (၁၃) ဖွဲ့ ကဘဲဖြစ်ဖြစ်၊ (၆) ဖွဲ့ကဘဲဖြစ်ဖြစ် တင်ထားတဲ့ဟာကို ပြန်လည်များ ဆွေးနွေးမလား။ ဆွေးနွေးမယ်ဆိုရင် ဒါဟာ အခွင့်အရေးတခုလို့မြင်တယ်။ ဒီအချိန်မှာမှ မသုံးရင် ဘယ်အချိန်မှာမှ သုံးစရာအကြောင်းမရှိတော့ဘူးလေ။

**စဝ်ဟန်ယောင်ဝေ။** ။ ကျနော်လည်း အဲဒီလိုမျိုးပဲ မြင်ပါတယ်။ ဒါပေမယ့် ကျနော် ပြောချင်တာကတော့ ကျနော်တို့လိုလားတဲ့ဟာကိုတော့ ရဲရဲတင်ရမယ်။ ဒါပေမယ့် ချက်ချင်းကြီး နအဖက အကုန်လုံး လက်ခံမယ် ဆိုတာတော့ မဖြစ်နိုင်ဘူး။ နှစ်ဖက်စလုံးက နားလည်မှုတော့ရှိရမယ်။ ဘာကြောင့်လဲဆိုရင် နအဖကလည်း မလက်ခံနိုင်တဲ့အချက်တွေရှိတယ်၊ ကျနော်တို့ကလည်းလိုလားတဲ့အချက်တွေရှိတယ်။ နှစ်ဖက်နားလည်မှုတည်ဆောက်ရင်တော့ လမ်းတဝက်လောက်ရောက်နိုင်ပါတယ်။

**ဝင်းနိုင်ဦး။** ။ ဗမာပြည်ကိစ္စကို ပြန်ကြည့်မယ်ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းတို့ လွတ်လပ်ရေးသွားဆွေးနွေးတယ်။ သွားဆွေးနွေးတဲ့အခါကြတော့ တိုင်းရင်းသားကိစ္စတွေပါတယ်။ အဲဒီမှာစော်ဘွားတွေဘက်ကနေပြီးတော့ ဒါတိုင်းရင်းသားတွေကို ကိုယ်စားမပြုဘူး၊ ဆိုတော့သူတို့ဆွေးနွေးပွဲက ရပ်သလိုဖြစ်သွားတယ်။ အဲဒီမှာ လူထုဆန္ဒပြပွဲတွေနဲ့လုပ်ကြတော့ တခါပြန်ပွင့်သွားတယ်။ အဲဒီနောက်ပင်လုံညီလာခံပေါ်လာတယ်။ ပြန်ပြီးတော့ နောက်ကြောင်းကောက်မယ်ဆိုလို့ရှိရင် တိုင်းရင်းသားကိစ္စကအတော်လေးကို အဓိကကျသလိုဖြစ်နေတယ်။ (၆၁) လောက်တုန်းက နိုင်ငံရေးအကျပ်အတည်းဆိုက်တယ်။ ကျပ်တဲ့ကိစ္စကလည်း တိုင်းရင်းသားကိစ္စ၊ တိုင်းရင်းသားတွေက အရင်မူလပေးထားတဲ့ ကတိကဝတ်တွေအတိုင်း ပြည်ထောင်စုအစိုးရက အကောင်အထည်ဖော် မဆောင်ရွက်တဲ့အတွက် ဖြစတယ်။ ဆွေးနွေးနေတဲ့အချိန်မှာပဲ စစ်တပ်ကအာဏာသိမ်းတယ်။ အာဏာသိမ်းတော့ ဒီအစိုးရ စီးပွားရေးညံ့ဖျင်းလို့သိမ်းတာ၊ ဒီအစိုးရ စွမ်းဆောင်ရည်တွေညံ့ဖျင်းလို့သိမ်းတာ၊ ဒီအစိုးရ အာဂတိတွေလိုက်စားလို့သိမ်းတာ စသည်ဖြင့်မလာဘူး။ သူတို့ကြောင့် ပြည်တွင်းစစ်ဖြစ်နေရလို့သိမ်းတာ၊ သူတို့မှ ဒီကစ္စတွေရှင်းနိုင်မယ်လို့သိမ်းတာလည်း မဟုတ်ဘူး။ တိုင်းရင်းသားကိစ္စကိုပဲ အကြောင်းပြုပြီးသိမ်းတာပဲ။ ဆိုတော့ တိုင်းရင်းသားကိစ္စက အတော်ကိုပဲ အရေးကြီးနေတယ်။ အရေးကြီးနေတော့ ဒီတိုင်းရင်းသားအဖွဲ့တွေ တင်ထားတဲ့အချက်တွေဟာဆိုလို့ရှိရင် ကျနော် ဖတ်မိသလောက် ပင်လုံညီလာခံတုန်းက လိုချင်သလောက်တောင်မရှိဘူး။ (၆၁) တုန်းက တောင်းထား သလောက်တောင်မရှိဘူး။ တော်တော်လျှော့ထားတယ်။ လျှော့ပြီးမှ တင်တာတောင် သူတို့ကမပေးဘူး။ အဲဒီလိုဖြစ်တော့ အပြင်ကတော့ ထုံးစံအတိုင်း ဒီညီလာခံကို ဆက်ပြီးတော့ မတက်စေချင်ဘူး။ တင်တယ်။ လက်မခံဘူး။ သူတို့ကို မေးကြည့်တော့လည်း အကြောင်းကြောင်းကို ချိန်ပြီးတော့ သတိထားပြောတယ်။ ပွင့်ပွင့်လင်းလင်းမရှိဘူး။ ဆရာတို့အနေနဲ့ကျတော့ ဆွေးနွေးနိုင်လို့ရသလောက်ကိုတော့ ဒီနေရာလေးပဲရှိတယ်ဆိုပြီးတော့ ဒါကိုပဲ သုံးပြီးတော့ ဆွေးနွေးမယ်

ဆိုတဲ့သဘောမျိုးကို ပြောကြတယ်။ သူတို့စိတ်ထဲမှာ တခြားရည်ရွယ်ချက်တွေကောရှိသေးသလား၊ သူတို့ကတော့ မပြောဘူး။ ဆရာတို့အနေနဲ့ကော ဘယ်လိုယူဆသလဲ?။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကိုဝင်းနိုင်ဦးပြောတဲ့ သမိုင်းအချက်အလက်က သိပ်ပြီးတော့ အရေးကြီးတယ်။ ဒီ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေက တင်ပြတဲ့ဟာတွေက ကျနော်တို့ လိုလားနေတဲ့ ဟာတွေ တကယ့် (Ideal) အဆင့်ထိကို တင်နိုင်သလားဆိုပြီးတော့ ကျနော်တို့ ပြောလိုက်လို့ရှိရင်တော့ မတင်နိုင် သေးဘူး။ ဒါပေမယ့် (၁၉၄၇) ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ (၁၉၇၄) ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာ မပါနိုင်သေးတဲ့ တိုင်းရင်းသားတွေရဲ့ လိုလားချက်တွေကို သူတို့တင်တာကို ကျနော်တို့ သွားတွေ့ရပါတယ်။ တချို့အနေအထားမှာ တကယ်ခိုင်မာတဲ့အဆင့်တွေကို သူတို့တင်နိုင်တာကို ကျနော်တို့သွားတွေ့လိုက်ရပါတယ်။ အဲဒါကြောင့် ကျနော် ထပ်ပြီးတော့ တိုင်းရင်းသားခေါင်းဆောင်တွေ အပစ်အခတ်ရပ်စဲရေးအဖွဲ့ခေါင်းဆောင်တွေကို အားပေးချင်တာက သူတို့တင်တာက ကျနော်တို့လိုလားတဲ့ဟာတွေပါတယ်။ ဒါပေမယ့် ရာခိုင်နှုန်းပြည့်တော့မဟုတ်သေးဘူး။ အဲဒ အတွက်ကြောင့် အခု နအဖစစ်အစိုးရကနေပြီးတော့ မင်းတို့တင်နိုင်တယ်။ ပြင်ဆင်ခွင့်ရှိတယ်ဆိုတဲ့ အခွင့်အရေးကို ယူပြီးတော့ ကျနော်ကတော့ ထပ်ပြီးတော့ တင်စေချင်ပါတယ်။ ကျနော့်ရဲ့ ပုဂ္ဂလိကအမြင်ဖြစ်ပါတယ်။

**စဝ်ဟန်ယောင်ဝေ။** ။ ကျနော်ပြောချင်တာကလည်း အဲဒီနည်းလမ်းပါပဲ။ ဘာကြောင့်လဲဆိုရင် တိုင်းရင်းသား မပါရင် အဓိကပြဿနာကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ အခုကလည်း အမျိုးသားညီလာခံထဲမှာ တိုင်းရင်းသားတွေ ပါ နေတယ်။ ပါနေတဲ့အဖွဲ့တွေက ပြည်သူလူထုအတွက် တတ်နိုင်သမျှ ကြိုးစားစေချင်တယ်။ ဒါကြောင့် ညီလာခံထဲမှာ ရောက်နေတဲ့အဖွဲ့တွေ ဆက်လုပ်ပါ။ ပြည်သူလူထုလိုလားတဲ့အချက်တွေကို ပြည့်ပြည့်စုံစုံတင်ပြပါ။ လုပ်ပါ။

**ဝင်းနိုင်ဦး။** ။ တိုင်းရင်းသားတွေကို ခွဲထွက်ပြီးတော့ ဆွေးနွေးမယ်။ ခင်ဗျားတို့ ဒီကိစ္စတွေကို ဒီလောက်မတင်နဲ့ စသည်အားဖြင့် ဖိအားတွေမျိုး ရင်ဆိုင်လာရရင်ကော ဘယ်လိုသဘောထားမျိုးရှိသင့်သလဲ?။

**စဝ်ဟန်ယောင်ဝေ။** ။ သူတို့ကတော့ ဒီလိုပဲ ဆက်လုပ်ရမှာပဲ။ ဘယ်လိုပဲဖြစ်ဖြစ် လူထုတာဝန်ရှိတဲ့အတွက် လူထုတာဝန်ကျေအောင်လုပ်ရမှာပဲ။ အပြင်မှာရောက်နေတဲ့ အပစ်အခတ်ရပ်စဲရေး မလုပ်ရသေးတဲ့အဖွဲ့တွေကလည်း သူ့နည်းလမ်းနဲ့သူ လုပ်ရမှာပဲ။ ဒါပေမယ့် အဓိကကတော့ လူထုကိုအခြေခံပြီးသွားရမယ်ဆိုတာကို ကျနော် ပြောချင် ပါတယ်။

**စောဒေးဗစ်ထော။** ။ ကျနော့်အမြင်ကတော့ ဒီကိစ္စနဲ့ပတ်သက်ရင် တိုင်းရင်းသားတွေရဲ့ အရေးပါမှုကိုတော့ ဘာပဲပြောပြော ပစ်ပယ်ထားလို့မရဘူးပေါ့။ တခုကလည်း ဒီနိုင်ငံကို တည်ထောင်တဲ့အပိုင်းမှာ ပြည်ထောင်စုဖြစ်ဖို့ အတွက် တိုင်းရင်းသားတွေက ဘယ်လောက်အထိ စုစည်းခဲ့သလဲ။ တသီးတခြားနေလာရာကနေ တစုတစည်းတည်း လွတ်လပ်ရေးရအောင်ယူခဲ့တဲ့ အဆင့်ကလည်း သက်သေပြခဲ့တဲ့ အနေအထားတခုပဲပေါ့။ အခုအနေအထားက တိုင်းရင်းသားတွေ တင်ပြနေတဲ့အဆင့်က ပင်လုံရဲ့သဘောတူညီချက်တို့၊ (၆၁) ခုနှစ်က ပြည်ထောင်စုလှုပ်ရှားမှုတို့ပေါ့ အဲဒီအဆင့်တွေအထိ မရောက်ပေမယ့် အခုတင်ပြတဲ့သူတွေက ဖြစ်နိုင်ချေရှိတဲ့ဟာကိုပဲ တင်ပြတာဖြစ်တယ်။ အဲဒီ ဖြစ်နိုင်ချေရှိတဲ့ဟာကိုတော့ ဒီညီလာခံက ကောက်ယူသင့်တယ်လို့တော့ ကျနော်ထင်တယ်။

**ဝင်းနိုင်ဦး။** ။ လောလောဆယ်ကတော့ အဲဒီလောက်ထိ လျှော့ထားတဲ့ ဖြစ်နိုင်ချေကိုတောင်မှ လက်မခံတဲ့အနေအထားမျိုးဖြစ်နေတယ်။

**စောဒေးဗစ်ထော။** ။ အဲဒီအတွက်ကြောင့် ဖြစ်နိုင်ချေရှိတဲ့ဟာလေးတွေကိုပဲ တင်ထားတာလေးကိုတော့ မလျှော့စေချင်ဘူးလေ။ တိုင်းရင်းသားအခွင့်အရေးတွေတောင်းနေပေမယ့် ဒီအထဲမှာ ဒီမိုကရေစီ အခွင့်အရေးလည်း ပါပါတယ်။ ကျနော်ပြောချင်တာက တင်ပြတဲ့စာတမ်းအရဆိုလို့ရှိရင် အပစ်အခတ်ရပ်အဖွဲ့တွေ တင်ပြတဲ့ စာတမ်းပဲ ရှိလို့ ဒီအပေါ်မှာသာ ပြောရခြင်းဖြစ်တယ်။ အကယ်၍ အခြားအဖွဲ့အစည်းတွေကလည်း ညီလာခံမှာ အားလုံးသော သူတွေက မိမိတို့အမြင်ကို တင်ပြသင့်တယ်လို့ ကျနော်ကတော့ အဲဒီလိုမြင်ပါတယ်။

**ဝင်းနိုင်ဦး။** ။ အပစ်အခတ် ရပ်စဲရေးတွေ မလုပ်ကြခင်ပေ့ါနော်။ အရင်လက်နက်ကိုင်စဉ် ကာလတုန်းကတော့ အပြင်မှာရှိနေတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့သဘောထားနဲ့က တထပ်တည်းပဲ။ အပစ်အခတ် ရပ်စဲရေးလုပ်လိုက်ရတဲ့အခါကြတော့ သူတို့ဘက်က အလျှော့ပေးလိုက်ရတာတွေရှိတယ်။ ဒီညီလာခံမှာတော့ ကိုယ့်ရဲ့သဘောထားတွေကို ထုတ်ဖော်ပြောဆိုနိုင်တဲ့ စင်မြင့်တခုပဲ၊ ဒါကိုအသုံးချသွားမယ်ဆိုပြီးတော့ အဲဒီတုန်းက သူတို့ပြောကြတယ်။ အဲဒါနဲ့ (၂၀၀၄) တုန်းကတင်တယ်။ တင်တာလည်းရဲရဲဝင့်ဝင့်နဲ့ကိုတင်တဲ့ကိစ္စ။ အများကလည်း အသိအမှတ်ပြုကြတယ်။ အဲဒီလိုတင်သွင်းထားပေမယ့်လည်း ထည့်သွင်းစဉ်းစားမခံရဘူး။ အခုကြတော့လည်း ညီလာခံကိုအဆုံးသတ်တော့မယ်ဆိုလာပြန်တဲ့အခါကြတော့ ပြင်ဆင်ဖြည့်စွက်မယ်လို့ပဲ သူကပြောထားတယ်။ အသေးစိတ်လည်းမသိရဘူး။ ဘာအာမခံချက်တွေရှိသလဲ ဆိုတာလည်း မသိရဘူး။ ဒါပေမယ့် တခုရှိတာက ဒီညီလာခံက နောက်ဆုံးညီလာခံ။ အဲဒီလိုဖြစ်သွားတဲ့အချိန်မှာ NDA-K ကချင်ဒီမိုကရက်တစ်တပ်မတော်ပေ့ါလေ၊ ဦးဇခုန်တိန့်ယိင်းက ဟိုတလောကပြောတယ်။ သူပြောတာက “ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတခုမဟုတ် တခုတော့ ထွက်လာစေချင်ပါတယ်။ ပြီးရင် ဗမာပြည်ရဲ့ နိုင်ငံရေးဆိုတာကို ဗမာလူမျိုးတွေကလည်း ဒီအတိုင်းပဲ တနေရာမှာရပ်နေမှာ မဟုတ်ပါဘူး။ သူ့ဟာနဲ့သူ အခြေအနေအလိုက် ပြောင်းလဲသွားကြလိမ့်မယ်လို့ ကျနော်တော့ ယုံကြည်တယ်။” ဆိုတော့ ဦးဇခုန်တိန့်ယိင်းရဲ့စကားကို ကြည့်မယ်ဆိုလို့ရှိရင် ပထမတော့ကြိုးစားတယ်။ မဖြစ်ဘူး။ နောက်ဆုံးကြတော့ ဒီအတိုင်းပဲ လက်ခံလိုက်မယ်ဆိုတော့ သဘော။ ဖွဲ့စည်းပုံအခြေခံပေါ်လာမယ်။ နောက်ပြီးတော့ ဗမာလူမျိုးတွေက ဒီအတိုင်းတော့ မနေပါဘူးပေ့ါလေ။ အပြောင်းအလဲတခုခုတော့လုပ်မှာပါဆိုတဲ့သဘောမျိုးကို သူကပြောတယ်။ ဆိုတော့ ဗမာတွေပေးမှရမယ့်အနေအထားမျိုး သဘောထားမျိုးဖြစ်နေတယ်။ မပြောင်းလဲဘူးဆိုရင်ရော?။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ကျနော်တို့အမြင်ကတော့ ဒီပြည်ထောင်စု ဖွဲ့စည်းတဲ့ အချိန်မှာရော၊ ပြည်ထောင်စုကို ပြန်လည်တည်ဆောက်တဲ့အချိန်မှာရော ဗမာတွေလုပ်ပေးမှဆိုတဲ့အမြင်ကို ကျနော်တို့မှာ မရှိပါဘူး။ ဒီပြည်ထောင်စုကို ကျနော်တို့တိုင်းရင်းသားအားလုံးလည်းပိုင်ပါတယ်။ တိုင်းရင်းသားအားလုံးနဲ့လည်းဆိုင်တယ်။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ ကျနော်တို့လက်တွဲပြီးလုပ်ခဲ့စဉ်က ကိုင်စွဲခဲ့တဲ့ပေါ်လစီတွေကို အပစ်အခတ် ရပ်စဲပြီးနောက် အလျှော့ပေးတယ်ဆိုတာကိုတော့ ကျနော်တော့ အဲဒီလောက်အထိ မယုံကြည်ဘူး။ ခေါင်းဆောင်တွေက ဒီလောက်အထိ မလျှော့သေးဘူးလို့ ကျနော်မျှော်လင့်မိပါတယ်။ သူတို့အားလုံးနဲ့ ကျနော်တို့အားလုံးရဲ့ လိုလားချက်၊ မျှော်လင့်ချက်က **စစ်မှန်သောပြည်ထောင်စုစနစ်တည်ဆောက်ရေး** ပဲဖြစ်ပါတယ်။ ဒီအတွက် သူတို့အလျှော့ မပေးသေးဘူးလို့ ကျနော်တော့ထင်တယ်။ ကျနော်တို့အားလုံးလိုလားချက်က ဒီမိုကရေစီအရေးပဲဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် သူတို့အလျှော့မပေးသေးဘူး။ ကျနော်တို့အားလုံးလိုလားချက်က တန်းတူရေးပဲဖြစ်တယ်။ အဲဒီအတွက် သူတို့အလျှော့မပေးသေးဘူး။ အခြေအနေအမျိုးမျိုးကြောင့် သူတို့တင်ပုံတင်နည်း၊ စကား ပြောပုံ ပြောနည်းတွေ ပြောင်းလဲပေမယ့် ကျနော်တို့ရဲ့ အန္တိမပန်းတိုင်ကတော့ မပြောင်းလဲဘူးလို့ အကြမ်းဖျင်းသုံးသပ်မိပါတယ်။

**ဝင်းနိုင်ဦး။** ။ အခုဒီမှာက ပြဿနာဘာဖြစ်သလဲဆိုတော့ ညီလာခံမတက်တဲ့သူတွေရှိသလို၊ တက်တဲ့သူတွေလည်းရှိတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးဦးဆောင်နေတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမတက်ဘူး။ ဒီလိုဘဲ နိုင်ငံရေးပါတီတွေဖွဲ့စည်းခဲ့ပြီး ရွေးကောက်တင်မြောက်ခြင်းခံရတဲ့ တိုင်းရင်းသားအဖွဲ့အတော်များများကလည်း မတက်ဘူး။ ညီလာခံ မတက်ဘူးဆိုပေမယ့် ညီလာခံတက်တဲ့တိုင်းရင်းသားတွေအပေါ်မှာ မျှော်လင့်ချက်တွေတော့ရှိတယ်။ သူတို့ထိထိရောက်ရောက်လေးပြောပြီဆိုရင် အပြင်ကနေ ဝမ်းသာအားရရှိကြတယ်ဆိုတာကို တွေ့ရတယ်။ သူတို့ကနေခပ်ပျော့ပျော့လုပ်လာပြီဆိုရင် စိတ်ကပျက်လာရော။ အဲဒီသဘောမျိုးတွေဖြစ်လာရော။ ဆရာလျန်မှုန်းအနေနဲ့ အခုအတိုင်းဖွဲ့စည်းလုပ်ကိုင်နေတဲ့ ညီလာခံကို နိုင်ငံတကာကလည်း လက်မခံနိုင်တဲ့ ညီလာခံပုံစံမျိုးဖြစ်နေတယ်။ တိုင်းရင်းသားတွေကလည်း လက်မခံနိုင်တဲ့ ညီလာခံမျိုးဖြစ်နေတယ်။ ဒီမိုကရေစီအင်အားစုတွေကလည်း လက်မခံနိုင်ဘူး။ ဆရာလျန်မှုန်းပြောတာက– လက်ခံနိုင်တာ မခံနိုင်တာ ခဏဘေးဖယ်ထား၊ ရနိုင်တဲ့ဘောင်အတွင်းမှာ ကိုယ်လိုတာကို ပြတ်ပြတ်သားသားတောင်းပြီးတော့ ပွင့်ပွင့်လင်းလင်းထုတ်ဖော်သွားဖို့က အဓိကအရေးကြီးတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ မှန်ပါတယ်၊ ကျနော်ပြောချင်တာက အဲဒီအဓိပ္ပာယ်မျိုးပါပဲ။ ကျနော်တို့ ဗဟိုပြုပြီးဆွေးနွေးနေတာက ညီလာခံမှာတက်ရောက်နေတဲ့သူတွေ ဘာလုပ်သင့်သလဲဆိုတာအပေါ်မှာ ဆွေးနွေးနေတာ

ဖြစ်တယ်။ အခုတက်ရောက်နေတဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တချို့ အရွေးချယ်ခံရတဲ့အမတ်တချို့လည်း တက်ပါတယ်။ တက်ပြီးသားခေါင်းဆောင်တွေကို ဗဟိုပြုဦးတည်ပြီးတော့ ပြောတာ ဖြစ်ပါတယ်။ သူတို့အနေနဲ့က ရရှိထားတဲ့အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် ကိုင်ပြီးတော့မှ ရသင့်ရထိုက်တဲ့ ကျနော်တို့တကယ်လိုလားတဲ့ အချက်တွေကို ရဲရဲရင့်ရင့်နဲ့ ဒီတချိန်မှာတော့ တင်ပြသင့်တယ်ဆိုပြီး ကျနော်ပြောခြင်းဖြစ်ပါတယ်။

**ဝင်းနိုင်ဦး။** ။ ကချင်ဒီမိုကရက်တစ်တပ်မတော်က ပြောတဲ့စကားဆိုတာလည်း ကျနော်တို့ ပြည့်ပြည့်စုံစုံသိရတာ မဟုတ်ဘူး။ သူ့သဘောထားဆိုရင် ပထမတုန်းကလည်း စောင့်ကြည့်တယ်။ ဒုတိယတုန်းကလည်း စောင့်ကြည့်တယ်။ နောက်ဆုံးညီလာခံပြီးသွားတဲ့အထိ ကိုယ်ပြောတာမရလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ထွက်သွားဖို့ပဲအရေးကြီးတယ်ပေါ့လေ။ နောက်ပိုင်းကျတော့မှ ဗမာတွေလည်း ဒီအတိုင်းမနေပါဘူးဆိုတဲ့ သဘောထားမျိုးက သူတယောက်တည်းမဟုတ်ဘဲနဲ့ ဒိပြင်တိုင်းရင်းသားတွေလည်း ဒီသဘောထားမျိုးရှိခဲ့မယ်ဆိုရင်ကော ဆရာတို့အနေနဲ့ ဘယ်လိုသဘောထားမလဲ။

စဝ်ဟန်ယောင်ဝေ။ ။ ကျနော်တဦးတည်းအမြင်နဲ့ ပြောချင်တာကတော့ နိုင်ငံရေးဆိုတာ မပြီးနိုင်ဘူး။ နိုင်ငံရေးက နအဖက အခုလိုမျိုး ညီလာခံပြီးသွားမယ်။ အခြေခံဥပဒေမျိုး ထွက်လာမယ်။ လူထုဆန္ဒခံယူပွဲမှာလည်း နိုင်သွားတယ်ဆိုရင်တောင်မှ ထွက်လာတဲ့အခြေခံဥပဒေက တကယ်တရားမမျှတဘူး။ လူထုအတွက် တကယ် အကျိုးမပြုဘူးဆိုရင် နအဖက အောင်မြင်တယ်လို့ ဘယ်လိုပဲကြွေကြွေကြွေ သူမအောင်မြင်နိုင်ဘူး။ သူလုပ်ချင်တာ လုပ်ပါစေ မအောင်မြင်နိုင်ဘူး။

**ဝင်းနိုင်ဦး။** ။ မအောင်မြင်နိုင်ဘူးဆိုတာက ဘယ်လိုမအောင်မြင်နိုင်တာလဲ ခင်ဗျာ?။

**စဝ်ဟန်ယောင်ဝေ။** ။ မအောင်မြင်နိုင်ဘူးဆိုတာက အခြေခံဥပဒေတော့ ရမယ်။ တိုင်းပြည်တော့ မတည်ငြိမ်နိုင်ဘူး။ ဒီပြဿနာ မရှင်းနိုင်ဘူးဆိုတာ ပြောချင်တာဖြစ်တယ်။

**ဝင်းနိုင်ဦး။** ။ ဆရာဒေးဗစ်ထောကို တခုပြောချင်တာရှိလို့။ လွန်ခဲ့တဲ့ နှစ်နှစ် သုံးနှစ်လောက်တုန်းက ကျနော်ထိုင်းကိုရောက်တော့ ဆရာက ကရင်အမျိုးသားအစည်းအရုံး (KNU) ရဲ့ နိုင်ငံခြားရေး တာဝန်ခံဖြစ်နေတာကိုး။ အဲဒါကြောင့်မို့ပြောတာပါ။ အဲဒီမှာ KNU ကပဲ အတော်အရေးကြီးတဲ့ပုဂ္ဂိုလ်တယောက်ပေ့ါနော်။ သူရှိတယ်၊ ကျနော်တို့ရှိတဲ့ စကားဝိုင်းတခုမှာ– တယောက်က ဘာပြောသလဲဆိုရင် အပစ်အခတ်ရပ်စဲထားတဲ့အဖွဲ့တွေပေ့ါနော်၊ သူတို့တပ်စွဲထားတဲ့နယ်မြေတွေရှိတယ်။ ဟိုးအရင်တုန်းကဆိုရင် မြန်မာအစိုးရတပ်တွေဟာ တချို့နေရာတွေမှာ တပ်စွဲလို့မရဘူး။ မစွဲနိုင်ဘူး။ အခုဆိုရင် ဘယ်နေရာမှာ တပ်စွဲထားပြီ။ အရင်စွဲထားလို့မရတဲ့နေရာတွေမှာ စွဲထားပြီးပြီ။ ဝိုင်းထားပြီးပြီ။ အထူးသဖြင့် ကချင်၊ အဲဒီလိုဝိုင်းထားပြီးပြီ။ လုပ်တာနဲ့သွားမှာပဲဆိုတဲ့ သဘောထားမျိုးကို ပြောတော့၊ အခုနက KNU ကအရေးကြီးတဲ့ ပုဂ္ဂိုလ်ကလည်း ထောက်ခံတယ်။ အဲဒီလို ညှပ်ပူးညှပ်ပိတ် အနေအထားမှာ တချို့ကတော့ ပြောသာပြောတယ်။ အသံကောင်းလွှင့်ပြီးတော့မှသာ ပြောတယ်။ အခြေအနေတရပ်မှာ ဒီလိုပြောသွားမှသာ သင့်တယ်လို့ဆိုပြီး ပြောသွားတာရှိတယ်ဆိုပြီးတော့ မြင်ကြတာရှိတယ်။ အဲဒီလို သဘောမျိုးများရှိခဲ့မယ်ဆိုရင် စောနက ဆရာတို့ပြောခဲ့သလို ဒီဟာကို စင့်မြင့်တရပ်အနေနဲ့ အသုံးပြုမယ်။ ပွင့်ပွင့်လင်းလင်း ရဲရဲဝင့်ဝင့် ပြတ်ပြတ်သားသား တိုင်းရင်းသားတွေအရေးအတွက်ပြောမယ်။ သို့သော်ဒါကို မလွဲသာမရှောင်သာလို့ ဒီလောက်ပဲပြောခဲ့သည်ရှိသော် ဆရာဒေးဗစ်ထောတို့အနေနဲ့ အဲဒီအနေအထားအပေါ်မှာ ဘယ်လိုယူဆသလဲ?။

**စောဒေးဗစ်ထော။** ။ အဲဒီအပေါ်မှာ စောစောက ဦးဇခုန်းတိန့်ယိင်းပြောသွားတဲ့အနေအထားနဲ့ ဆက်စပ်နေပါတယ်။ တဘက်ကပြောရင်တော့ နီးရာဓါးကိုကြောက်နေရတဲ့ သဘောထားမျိုးဖြစ်ကောင်းဖြစ်နိုင်တယ်။ နောက်ပြီးတော့ ဝိုင်းပြီးချုပ်ထားတယ်ဆိုတဲ့သဘောထားမျိုးတွေလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒီဟာတွေကလည်း တဘက်က စစ်ရေးအရ အသာစီးယူတဲ့သဘောမျိုးလို့ပြောလို့ရပါတယ်။ ဒါပေမယ့် ကျနော်ထင်တာကတော့ အမျိုးသားညီလာခံက နိုင်ငံရေးစင်မြင့်တခုအနေနဲ့ နိုင်ငံရေးတိုက်ပွဲဝင်နေတဲ့ အနေတခုပဲ။ သွားနေတဲ့လမ်းကြောင်းက လက်နက်ကိုင်အဖွဲ့တွေက အရင်တုန်းက စစ်ရေးနဲ့သွားခဲ့တာတွေရှိတယ်။ ဒီဟာတွေကို ပြန်လည်ကျင့်သုံးမယ်၊

မကျင့်သုံးဘူးဆိုတာကတော့ သူတို့ရဲ့တဖွဲ့ချင်းရဲ့ အနေအထားအပေါ်မှာ မူတည်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ တချို့အဖွဲ့တွေကတော့ ပြင်ဆင်မှုရှိကောင်း ရှိနိုင်တယ်လို့ ပြောလို့ရတယ်။ ဒီအခြေခံဥပဒေမှာ ပြန်လည်ပြုပြင်မယ် ဆိုတဲ့အပိုင်းမှာ ဒီလက်နက်ကိုင်ကိစ္စတွေကို အများကြီးစဉ်းစားစရာရှိလာလိမ့်မယ်လို့ထင်တယ်။ ဘာဖြစ်လို့လဲဆို တော့ အပစ်ရပ်တဲ့အချိန်မှာ ကိုယ့်လက်နက်ကိုကိုယ်ကိုင်ထားရတာကိုး။ ဒီညီလာခံကပြီးလို့ အခြေခံဥပဒေ ထွက် လာခဲ့လို့ရှိရင် သူတို့အနေနဲ့ အသွင်ပြောင်းတဲ့အနေအထားကို သွားရလိမ့်မယ်။ အသွင်းပြောင်းတဲ့အပိုင်းမှာ ဒီလက်နက်ကို အပ်ရမလား။ ဒါမှမဟုတ် တပ်ဖွဲ့ကို အသွင်ပြောင်းမလား။ နိုင်ငံရေးပါတီအဖြစ်သွားမလား ဆိုတဲ့ ဟာလေးတွေက ဒီအခြေခံဥပဒေရေးဆွဲရေးမှာ ပိုပြီးတော့ ပီပီပြင်ပြင်ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။ စောစောက ပြောခဲ့သလိုပေါ့ စစ်ရေးအရ အသာစီးရယူထာတဲ့နေရာရှိကောင်းရှိမယ်ဆိုပေမယ့် တချို့ပြင်ဆင်မှု ရှိထားတဲ့ အဖွဲ့ အစည်းတွေအနေနဲ့က ဒီဟာကိုသိပ်ပြီးတော့ စိုးရိမ်စရာ မရှိဘူးလို့အောက်မေ့တယ်။ ကျနော်တဦးရဲ့အမြင်ကို ပြောတာဖြစ်တယ်။ တချို့အဖွဲ့တွေအနေနဲ့က အဖွဲ့အစည်းအနေနဲ့က အဖွဲ့အစည်းရဲ့အင်အားကို မဖော်ပြချင်တော့ လျော့ပြီးပြောတာ ဖြစ်ကောင်းဖြစ်မယ်။ ဒီဟာက နည်းပရိယာယ်အမျိုးမျိုး ရှိတဲ့အပေါ်မှာ– လျော့ပြီးပြောတယ်။ လျော့ပြီးလိုက်လျောလာခဲ့တယ်ဆိုတာက သူလျော့နိုင်တဲ့အတိုင်းအတာတခုတော့ သတ်မှတ်ထားရလိမ့်မယ်။ သတ်မှတ်ချက်တဲ့ကျော်လွန်ပြီးတော့ မလျော့နိုင်ဘူးဆိုလို့ရှိရင်တော့ အောင်မြင်မှုတခုခုဖြစ်လိမ့်မယ်လို့ ကျနော် ကတော့ အဲဒီလိုပဲမြင်ပါတယ်။

**ဝင်းနိုင်ဦး။** ။ ကျနော်တို့အမျိုးသားညီလာခံအကြောင်းပြောတော့ အမျိုးသားညီလာခံမှာက အဲဒီကိစ္စတွေ အပြင် တနိုင်ငံလုံး ကိစ္စတွေလည်းပါတယ်ပေ့ါလေ၊ အခုအချိန်မှာကတော့ ဆရာတို့က တိုင်းရင်းသားကိစ္စတွေနဲ့ အမေရိကန်နိုင်ငံကို ရောက်လာတဲ့အချိန် ကျနော်တို့က အမျိုးသားညီလာခံဆိုတဲ့အပိုင်းမှာတောင်မှ အကုန်လုံးကို ခြုံပြီးတော့ပြောခြင်းဖြစ်တယ်။ ပြောမယ်ဆိုရင်တော့ အများကြီးရှိမယ်။ ဒါပေမယ့်တိုင်းရင်းသားကိစ္စတွေကိုပဲ အဓိက ဇောင်းပေးပြီးပြောသွားကြတာပေ့ါလေ၊ တခြားများ ပြောချင်တာရှိသေးသလားခင်ဗျ။ အမျိုးသားညီလာခံ ကိစ္စနဲ့ ပတ်သက်ပြီးပေ့ါလေ။

**စဝ်ဟန်ယောင်ဝေ။** ။ စောနက ကိုဝင်းနိုင်ဦးပြောခဲ့တဲ့ စကားတခုပေ့ါလေ။ ဒီမိုကရေစီအင်အားစုတချို့က စိုးရိမ်တာပေ့ါလေ။ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ အလျော့ပေးသွားမလား ဆိုတဲ့အပေါ်မှာ ကျနော်ဘာပြောချင် သလဲဆိုရင် အပစ်အခတ်ရပ်စဲတဲ့အဖွဲ့ရော၊ အပစ်အခတ်မရပ်စဲရတဲ့အဖွဲ့ရော ဒီတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ တွေက မိမိတို့ရဲ့ လူမျိုးအရေးအတွက် တိုက်နေတာဖြစ်ပါတယ်။ ဘယ်လိုမှ လျော့မှာမဟုတ်ဘူး။ ပြောချင်တာက သူ့လူမျိုးအတွက် အကျိုးမရှိရင် လုပ်မယ်ဆိုတာကတော့ မဖြစ်နိုင်ဘူးဆိုတာကတော့ ကျနော်ပြောချင်ပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်း။** ။ ဟုတ်ကဲ့။ ကျနော်တို့တိုင်းရင်းသားလူမျိုးများအရေးကို ဆောင်ရွက်တဲ့ နေရာမှာ– သောတရှင်အားလုံးရော၊ ပြည်သူလူထုတရပ်လုံးကိုရော ကျနော်တို့နားလည်စေချင်တာက ကျနော်တို့ တိုင်းရင်းသားအရေးကိုပဲ ကွက်ပြီးတော့ လုပ်တာမဟုတ်ပါဘူး။ ပြည်ထောင်စုတဝှမ်းလုံးအတွက်၊ ဒီပြည်ထောင်စုကြီး ခိုင်မာဖို့၊ ငြိမ်းချမ်းဖို့၊ လွတ်လပ်သာယာဖို့အတွက် အားလုံးဝိုင်းပြီးလုပ်တာဖြစ်ပါတယ်။ ရည်ရွယ်အချက်အပေါ်မှာ ဝိုင်းလုပ်တဲ့နေရာမှာ လုပ်ပုံလုပ်နည်းတွေ ကွဲပြားကောင်းကွဲပြားမယ်။ ဒါပေမယ့် ကျနော်တို့ ရည်ရွယ်ချက်တွေ အားလုံးကတော့ တူနေမယ်လို့ ကျနော်တို့ထင်ပါတယ်။ တချိန်လုံး တိုင်းရင်းသားအရေးအတွက်၊ အမျိုးသား ရေးအတွက်၊ တန်းတူရည်တူရေးအတွက်၊ ဒီမိုကရေစီအတွက်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးအတွက် တိုက်ပွဲဝင်နေတဲ့ ရဲဘော်တွေအနေနဲ့ မိမိတို့လူမျိုး၊ မိမိတို့တော်လှန်ရေးကို သစ္စာဖောက်မှာမဟုတ်ဘူးလို့ ကျနော်ယုံကြည်တယ်။

**စောဒေးဗစ်ထော။** ။ ကျနော့်အမြင်ကတော့ အခုလက်ရှိအမျိုးသားညီလာခံက နောက်ဆုံးအခြေအနေ လည်း ရောက်နေပြီပေ့ါ။ ဒီညီလာခံကြီးလည်း ပြီးတော့မယ်။ နောက်ဆိုရင် ပြောရမယ့်အခွင့်အရေးက ရှိတော့မှာ မဟုတ်ဘူးလို့မြင်ပါတယ်။ နောက်ဆုံးညီလာခံဖြစ်တဲ့အတွက်ကြောင့် ပြောသင့်ပြောထိုက်၊ မှတ်တမ်းတင်သင့်တဲ့ တင်ပြချက်တွေကို ဘယ်အဖွဲ့အစည်းကမဆို ဒီညီလာခံမှာတက်တဲ့သူတွေက သူတို့သမိုင်းကို သူတို့ရေးမှာ ဖြစ်တဲ့ အတွက်ကြောင့် သူတို့ရေးသားတဲ့သမိုင်းကလည်း နောင်လာနောက်သားတွေ နမူနာယူဖို့သင့်တဲ့တင်ပြချက်တွေ ဖြစ်ဖို့အတွက် ကျနော်တိုက်တွန်းချင်တယ်။

**ဝင်းနိုင်ဦး။** ။ ဟုတ်ကဲ့။ အဲဒီတော့ (၁၄) နှစ်တိုင်တိုင်ကျင်းပလာခဲ့တဲ့ ဒီအမျိုးသားညီလာခံကို နောက်ဆုံးအကြိမ်ကျင်းပတော့မယ် ဆိုတဲ့ကိစ္စကို အကြောင်းပြုပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။ အဓိကအားဖြင့် တိုင်းရင်းသားအပိုင်း၊ တိုင်းရင်းသားရှုထောင့်ကနေပြီးတော့ အဓိကထားပြီးတော့ ဆွေးနွေးတာပေါ့နော်။ ဆွေးနွေးချက်တွေလည်း အတော်ကလေး ပြည့်စုံပါတယ်။ ပြည့်စုံတော့ ကျနော်တို့ရဲ့ တနင်္ဂနွေစကားဝိုင်းအစီအစဉ်ကို ရပ်နားမှာဖြစ်ပါတယ်။ ကျနော်တို့ရဲ့ RFA Studio ခန်းထဲအထိလာရောက်ဆွေးနွေးပြောကြားပေးကြတဲ့ တိုင်းရင်းသားလူမျိုးများကောင်စီ (ပြည်ထောင်စုမြန်မာနိုင်ငံ) ရဲ့ အထွေထွေအတွင်းရေးမှူး ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ တွဲဖက်အတွင်းရေးမှူးဖြစ်တဲ့ ဆရာစောဒေးဗစ်ထော နဲ့ တိုင်းရင်းသားလူမျိုးများကောင်စီရဲ့ အကြံပေးပုဂ္ဂိုလ် နဲ့ ဥရောပ–မြန်မာရုံးရဲ့ တာဝန်ခံ ဦးဟန်ယောင်ဝေ တို့ကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်းပြောလိုပါတယ်။